ထိုပါဠိ၏ အနက်မှန်ကို နားလည်နိုင်သည်၊ ဌာန်တူ အသံတူ အက္ခရာများကား—

ကနှင့် ခ။....ဂ နှင့် ဃ။....စ နှင့် ဆ။....ဇ နှင့် ဈ။
ဋ နှင့် ဌ။....ဍ နှင့် ဎ။....တ နှင့် ထ။....ဒ နှင့် ဓ။
ပ နှင့် ဖ။....ဗ နှင့် ဘ။

ထိုဆယ်စုံတွင် ရှေ့ အက္ခရာကို ရိုးရိုးအသံဖြင့် ရွတ်၍ နောက် အက္ခရာကို တင်းတင်းမာမာ ရွတ်ကြရသည်၊ "တင်း တင်းမာမာ" ဆိုသော်လည်း ငေါက်ငန်းသလို ပြင်းပြင်း ထန် ထန် ရွတ်ရမည်ဟု မဆိုလို၊ က အသံနှင့် ခ အသံ, ဂ အသံနှင့် ဃ အသံ ကွဲပြားရုံသာ ရွတ်ရမည်ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဗုဒ္ဓံ, ဓမ္မံ, သံဃံ" ပုဒ်တို့ကို ရွတ်ရာ၌ "ဒ, ဒမ်, ဂံ" တို့နှင့် မရောရုံ "ဒ္ဓံ, ဓမ်, ဃံ" တို့ကို တင်းတင်းမာမာ ရွတ်ရမည်။

**ရွတ်နည်း ၂-မျိုး။** ။ဤသို့ အက္ခရာတလုံးစီ ပီသအောင် ရွတ်တတ်ပြီးနောက် "ဗုဒ္ဓံ + သရဏံ" တို့၌ နိဂ္ဂဟိတ် (သေးသေးတင်)ဆုံးသော နိဂ္ဂဟိတန္တရွတ်နည်း "ဗုဒ္ဓမ် + သရဏမ်"ဟု (မ်) အက္ခရာဆုံးသော မကာရန္တရွတ် နည်း ၂-မျိုးတွင် တမျိုးမျိုး ပီသအောင် ရွတ်တတ်ဘို့ အလေ့ အလာ ပြုကြရသေးသည်၊ ခြုံဦးအံ့—နိဂ္ဂဟိတန္တ ရွတ်နည်း၌ "ဒ္ဓံ" ဟု ရွတ်ရာဝယ် ဒ္ဓ နှင့် နိဂ္ဂဟိတ်တို့သည် အသရ တလုံး တည်းကို မှီရသောကြောင့် ("ဒ္ဓါ" ဟု အလယ်က သရ တလုံးတည်းကို ရှေ့ ဒ္ဓဗျည်းနှင့် နောက် နိဂ္ဂဟိတ်ဗျည်းတို့ မှီရ သောကြောင့်) ဒ္ဓ အသံနှင့် နိဂ္ဂဟိတ်အသံကို ခွဲ၍ မရဘဲ တစပ် တည်း တသံတည်းဖြစ်အောင် ရွတ်ရသည်၊ "ဏံ, မံ, သံဃံ" တို့၌လည်း နည်းတူ။